# ผลกระทบและช่องทางแจ้งเหตุ

## နောက်ဆက်တွဲအကျိုးဆက်များနှင့် သတင်းပေးပို့နိုင်သောလိပ်စာများ

เด็กที่ถูกใช้เพื่อการแสวงหาประโยชน์ทางเพศส่วนมากจะต้องใช้ชีวิตอย่างทุกข์ทรมานจากการถูกทารุณกรรมทางเพศ และมีผลอีกหลาย ๆ อย่างตามมา ทั้งการตั้งครรภ์โดยไม่ได้ตั้งใจ ติดเชื้อเอชไอวี ซึ่งเป็นสาเหตุหลักของโรคเอดส์ บ้างต้องหันไปพึ่งยาเสพติด

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသော ကလေးသူငယ်အများစုသည် ထိုသို့လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် ပင်ပန်းဆင်းရဲစွာဖြင့် ဘဝကို ဖြတ်သန်းကြရပြီး အချို့သောကလေးသူငယ်များတွင် အလိုမရှိပဲ ကိုယ်ဝန်ဆောင်ရခြင်း၊ AIDS ရောဂါဖြစ်စေသည့် HIV ပိုး ကူးစက်ခံရခြင်း၊ တစ်ချို့သောကလေးများသည်မူးယစ်ဆေး ဝါးမှီဝဲရခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများ ခံစားရတတ်ပါသည်။



ในด้านจิตใจ เด็กอาจรู้สึกเศร้าเสียใจ เสียความภูมิใจในคุณค่าของตนเอง สิ้นหวัง จนอาจมีอาการเศร้าซึมวิตกกังวล มีปัญหาการเข้าสังคม จนมีแนวโน้มฆ่าตัวตาย หรือ อาจกลายเป็นเด็กมีพฤติกรรมก้าวร้าว แสดงท่าทีที่ไม่เหมาะสม เนื่องจากความโกรธหรือความเครียดสะสม

စိတ်ပိုင်းဆိုင်ရာအနေဖြင့် ကလေးသူငယ်သည် ဝမ်းနည်းအားငယ်ခြင်း၊ မိမိကိုယ်ကို လေးစားတန်ဖိုးထားမှုများ ဆုံးရှုံးရခြင်း၊ မျှော်လင့်ချက်မဲ့ခြင်းတို့အပြင် အထိတ်တလန့်ဖြစ်ခြင်း၊ စိတ်ကျခြင်း စသည့် လူမှုပတ်ဝန်းကျင်ထဲ ဝင်ဆံ့ရာတွင် အခက်အခဲရှိသည်အထိ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် စုဆောင်းသိမ်းစည်းထားသောဒေါသများ (သို့မဟုတ်) စိတ်ဖိစီးများ များပြားလာမှုကြောင့် မိမိကိုယ်ကို အဆုံးစီရင်နိုင်ချေခြင်း၊ ရိုင်းစိုင်းရန်လိုပြီး မသင့်လျော်သော အကျင့်စရိုက်ရှိသည့် ကလေးသူငယ်အဖြစ်ပြောင်းလဲသွားခြင်းများ ဖြစ်စေနိုင်ပါသည်။



พบเห็นการแสวงหาประโยชน์ทางเพศจากเด็ก สามารถแจ้งได้ที่ศูนย์ช่วยเหลือสังคม โทร.1300

ကလေးသူငယ်များအား လိင်အမြတ်ထုတ်ခြင်းတစ်စုံတစ်ရာ တွေ့ရှိပါက လူမှုကူညီရေးအသင်းဌာနချုပ်၏ ဖုန်းနံပါတ် 1300 သို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။




ร่วมปกป้องการคุ้มครองเด็กโดย

ECPAT FOUNDATION THAILAND
TUI CARE FOUNDATION

สนับสนุนโดย

PLAN INTERNATIONAL
ECPAT
DEFENCE for CHILDREN